# MAX MYANMAR MANUFACTURING CO., LTD

## ထုံးကျောက်တူးဖော်ထုတ်လုပ်ရေး မြေဧရိယာ (၅၀) ဧက



# ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ

## ဇူလိုင်လ ၂၀၂၃ မှ ဒီဇင်ဘာ ၂၀၂၃ ခုနှစ်အထိ

## ဒုတိယအကြိမ်

**Hexagonal Angle**
**International Concultants Co., Ltd**
**မှပြင်ဆင်ရေးဆွဲသည်**

# မာတိကာ


**ပုံစာရင်း** ........ ၄

**ဇယားစာရင်း** ........ ၅

**နောက်ဆက်တွဲများ** ........ ၆

အခန်း ( ၁ )　နိဒါန်း ........ ၇

၁.၁.　ရည်ရွယ်ချက် ........ ၈

၁.၂.　စီမံကိန်းတည်နေရာနှင့် ပတ်ဝန်းကျင်အခြေအနေ ........ ၁၁

အခန်း ( ၂ )　ပတ်ဝန်းကျင်အရည်အသွေးများစောင့်ကြပ်လေ့လာခြင်း ........ ၁၃

၂.၁.　ပတ်ဝန်းကျင်အရည်အသွေးများတိုင်းတာမှု ........ ၁၃

၂.၂.　လေထုအရည်အသွေး ........ ၁၅

၂.၂.၁.　လေထုအရည်အသွေးတိုင်းတာမှုနည်းစနစ် ........ ၁၅

၂.၂.၂.　လေထုအရည်အသွေးတိုင်းတာမှုရလဒ် ........ ၁၇

၂.၂.၃.　လေအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ ........ ၂၅

၂.၂.၄.　သုံးသပ်ချက်နှင့်အကြံပြုချက် ........ ၂၇

၂.၃.　ဆူညံသံအရည်အသွေး ........ ၂၈

၂.၃.၁.　ဆူညံသံအရည်အသွေးတိုင်းတာမှုနည်းစနစ် ........ ၂၈

၂.၃.၂.　ဆူညံသံအရည်အသွေးတိုင်းတာမှုရလဒ်များ ........ ၃၁

၂.၃.၃.　ဆူညံသံအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ ........ ၃၂

၂.၃.၄.　သုံးသပ်ချက်နှင့်အကြံပြုချက် ........ ၃၃

၂.၄.　တုန်ခါမှုအရည်အသွေး ........ ၃၄

၂.၄.၁.　တုန်ခါမှုအရည်အသွေးတိုင်းတာမှုနည်းစနစ် ........ ၃၄

၂.၄.၂.　တုန်ခါမှုအရည်အသွေးတိုင်းတာမှုရလဒ်များ ........ ၃၆

၂.၄.၃.　တုန်ခါမှုအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ ........ ၃၇

၂.၄.၄.　သုံးသပ်ချက်နှင့်အကြံပြုချက် ........ ၃၇

၂.၅.　ရေထုအရည်အသွေး ........ ၃၇

၂.၅.၁.　ရေအရည်အသွေးတိုင်းတာမှုနည်းစနစ် ........ ၃၈

၂.၅.၂.　ရေအရည်အသွေးတိုင်းတာမှုရလဒ်များ ........ ၄၀

၂.၅.၃. ရေအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ ........................................ ၄၄
၂.၅.၄. သုံးသပ်ချက်နှင့်အကြံပြုချက် ........................................ ၄၄
၂.၆. အစိုင်အခဲစွန့်ပစ်အမှိုက်ဆိုင်ရာစီမံခန့်ခွဲမှု ........................................ ၄၅
၂.၇. လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစီမံခန့်ခွဲမှု ........................................ ၄၅
၂.၇.၁. ထိခိုက်ဒါဏ်ရာရရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ........................................ ၄၅
၂.၇.၂. မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးအစီအစဉ် ........................................ ၄၇
၂.၇.၃. အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ် ........................................ ၄၈
၂.၇.၄. လူထုအကျိုးပူးပေါင်းမှုအစီအစဉ် (Corporate Social Responsibility – CSR) ........................................ ၅၀
၂.၇.၅. မကျေလည်မှုဖြေရှင်းရေးအဖွဲ့ ........................................ ၅၂
၂.၇.၆. ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်အတွက် လျာထားရန်ပုံငွေနှင့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ ........................................ ၅၃
အခန်း ( ၃ ) နိဂုံး ........................................ ၅၅

## ပုံစာရင်း


ပုံ ၁-၁ စီမံကိန်းတည်နေရာပြမြေပုံ ..........၁၂
ပုံ ၂-၁ လေအရည်အသွေးတိုင်းတာသည့်နေရာပြမြေပုံ..........၁၆
ပုံ ၂-၂ လေထုအရည်အသွေးတိုင်းတာခြင်း..........၁၇
ပုံ ၂-၃ အောင်နန်းချိုကျေးရွာတွင် လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ..........၁၉
ပုံ ၂-၄ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်တွင် လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ.....၂၀
ပုံ ၂-၅ အောင်နန်းချိုကျေးရွာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်းဇယား ..........၂၅
ပုံ ၂-၆ အောင်နန်းချိုကျေးရွာတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်းဇယား..........၂၆
ပုံ ၂-၇ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်းဇယား.......၂၆
ပုံ ၂-၈ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင်
ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်းဇယား..........၂၇
ပုံ ၂-၉ ဆူညံသံတိုင်းတာခဲ့သည့်နေရာပြမြေပုံ ..........၂၉
ပုံ ၂-၁၀ အသံဆူညံမှုတိုင်းတာသည့် ကိရိယာ ..........၃၀
ပုံ ၂-၁၁ အသံဆူညံမှုတိုင်းတာခြင်း..........၃၀
ပုံ ၂-၁၂ အောင်နန်းချိုကျေးရွာတွင် နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ် ..........၃၂
ပုံ ၂-၁၃ အောင်နန်းချိုကျေးရွာတွင် ညအချိန်အသံဆူညံမှုနှုန်းပြဂရပ် ..........၃၂
ပုံ ၂-၁၄ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်တွင် နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ်..........၃၃
ပုံ ၂-၁၅ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်တွင် ညအချိန်အသံဆူညံမှုနှုန်းပြဂရပ်..........၃၃
ပုံ ၂-၁၆ တုန်ခါမှုတိုင်းတာခဲ့သည့်နေရာပြမြေပုံ..........၃၅
ပုံ ၂-၁၇ တုန်ခါမှုတိုင်းတာသည့် ကိရိယာ ..........၃၆
ပုံ ၂-၁၈ တုန်ခါမှုတိုင်းတာခြင်း..........၃၆
ပုံ ၂-၁၉ ရေနမူနာတိုင်းတာခဲ့သည့်နေရာ ..........၃၉
ပုံ ၂-၂၀ ရေနမူနာကောက်ယူနေပုံများ..........၄၀
ပုံ ၂-၂၁ စီမံကိန်းဧရိယာအတွင်း အမှိုက်များ စနစ်တကျစွန့်ပစ်ရေး ဆောင်ရွက်ထားရှိပုံမှတ်တမ်း ..........၄၅
ပုံ ၂-၂၂ လုပ်သားများကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းပုံ..........၄၆
ပုံ ၂-၂၃ မော်တော်ကားနှင့်စက်ကိရိယာများပြုပြင်ထိန်းသိမ်းရေးမှတ်တမ်း..........၄၈
ပုံ ၂-၂၄ မီးဘေးအန္တရာယ်ကာကွယ်ရေးသင်တန်းနှင့် အရေးပေါ်အသက်ကယ်နည်းသင်တန်းများ..........၄၉
ပုံ ၂-၂၅ မီးသတ်ဆေးဘူးများထားရှိမှု မှတ်တမ်း ..........၅၀
ပုံ ၂-၂၆ လူထုအကျိုးပူးပေါင်းမှုအစီအစဉ်တွင်ပါဝင်မှုများ ..........၅၂
ပုံ ၂-၂၇ ရန်ပုံငွေဖွင့်လှစ်ထားရှိမှုအခြေအနေ ..........၅၃

## ဇယားစာရင်း


ဇယား ၁-၁ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်အရည်အသွေးစောင့်ကြပ်ကြည့်ရှု တိုင်းတာရေးအစီအစဉ် (Environmental Quality Monitoring Programme) ....................၉

ဇယား ၂-၁ ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှု .................... ၁၄

ဇယား ၂-၂ လေထုအရည်အသွေးတိုင်းတာခဲ့သည့် နေရာ .................... ၁၅

ဇယား ၂-၃ စီမံကိန်းဧရိယာတွင် လေထုအရည်အသွေးတိုင်းတာခဲ့မှုရလဒ်များ....................၂၁

ဇယား ၂-၄ ဆူညံသံအရည်အသွေးတိုင်းတာခဲ့သည့် နေရာ....................၂၈

ဇယား ၂-၅ ဆူညံသံတိုင်းတာရရှိခဲ့သည့် ရလဒ် .................... ၃၁

ဇယား ၂-၆ တုန်ခါမှုအရည်အသွေးတိုင်းတာခဲ့သည့် နေရာ.................... ၃၄

ဇယား ၂-၇ တုန်ခါမှုတိုင်းတာရရှိခဲ့သည့် ရလဒ် .................... ၃၇

ဇယား ၂-၈ ရေနမူနာကောက်ယူခဲ့သည့်နေရာ .................... ၃၈

ဇယား ၂-၉ မြေပေါ်ရေအရည်အသွေး တိုင်းတာမှုရလဒ်.................... ၄၁

ဇယား ၂-၁၀ စွန့်ပစ်ရေအရည်အသွေး တိုင်းတာမှုရလဒ် ....................၄၂

ဇယား ၂-၁၁ လူမှုတာဝန်သိမှုအစီအစဉ်အတွက် လှူဒါန်းမှုများ .................... ၅၁

ဇယား ၂-၁၂ မကျေလည်မှုဖြေရှင်းရေးအဖွဲ့၏ ဖွဲ့စည်းပုံ....................၅၂

ဇယား ၂-၁၃ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်အတွက် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့......... ၅၄

# နောက်ဆက်တွဲများ

နောက်ဆက်တွဲ(က) လေအရည်အသွေးရလဒ်
နောက်ဆက်တွဲ (ခ) လေအရည်အသွေးတိုင်းတာသည့်စက်၏ Calibration Report
နောက်ဆက်တွဲ (ဂ) ရေအရည်အသွေးရလဒ်
နောက်ဆက်တွဲ(ဃ) ဆူညံသံအရည်အသွေးတိုင်းတာသည့်စက်၏ Calibration Report
နောက်ဆက်တွဲ (င) ရေအရည်အသွေးတိုင်းတာသည့်စက်၏ Calibration Report

# အခန်း ( ၁ )
# နိဒါန်း

Max Myanmar Manufacturing ကုမ္ပဏီလီမိတက် (Max ဘိလပ်မြေစက်ရုံ) သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းများအနက် တစ်ခုဖြစ်သည်။ Max Myanmar Manufacturing ကုမ္ပဏီလီမိတက်သည် နေပြည်တော်ကောင်စီ နယ်မြေ၊ လယ်ဝေးမြို့နယ်၊ တောင်ဖီလာဧရိယာ (၅၀) ဧက ရှိ ထုံးကျောက်တူးဖော်ရေးလုပ်ကွက် လုပ်ငန်းတစ်ခုဖြစ်ပြီး ၎င်းကုမ္ပဏီလီမိတက်၏ ဥက္ကဌမှာ ဦးအုန်းကျော် (ခ) ဦးအေးသွင် ဖြစ်ပါသည်။

Max Myanmar Manufacturing ကုမ္ပဏီလီမိတက်သည် နေပြည်တော်လယ်ဝေးမြို့နယ်ရှိ ဘုရားကုန်းလုပ်ကွက်မှ ထုံးကျောက်များကို ကုန်ကြမ်းများအဖြစ် တူးဖော်၍ လိုအပ်သည့် ကုန်ကြမ်းများဖြင့်ရောစပ်က စနစ်တကျ ထုတ်လုပ်သည့် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်း ဖြစ်ပါသည်။ Max Myanmar Manufacturing ကုမ္ပဏီလီမိတက်သည် တစ်လလျှင် ထုံးကျောက်ကုန်ကြမ်း တန်ချိန် (၁၀၀၀-၁၅၀၀) တန် ခန့်ထုတ်လုပ်လျက်ရှိပြီး မိုင်းပညာရှင်နှင့် မိုင်းလုပ်သား စုစုပေါင်း (၄၂) ဦးခန့်ဖြင့်တာဝန်ယူ ထုတ်လုပ်လျက် ရှိပါသည်။ Max Myanmar Manufacturing ကုမ္ပဏီလီမိတက်၏ ထုတ်လုပ်ရေး လုပ်ငန်းစဉ်များတွင် ထုံးကျောက်တူးဖော်ခြင်း၊ သန့်စင်ခြင်း၊ ကုန်ကြမ်းများအား ကြိတ်ခွဲခြင်း၊ ကုန်ကြမ်းများရောစပ်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းနှင့် ကုန်ချောထုတ်ပိုးခြင်းတို့ ပါဝင်ပါသည်။ ထိုထုံးကျောက်ထုတ်လုပ်ရေးလုပ်ငန်း လည်ပတ်ခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရန်၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်နှင့် ဂေဟစနစ်များ မထိခိုက်စေရန်၊ လူမှုပတ်ဝန်းကျင်ကို အနှောက်အယှက် မဖြစ်စေရန်အတွက် ကုမ္ပဏီအနေဖြင့် ထုံးကျောက်ထုတ်လုပ်ရေး လုပ်ငန်းအတွက် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရေးဆွဲခဲ့ပြီး အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

Max Myanmar Manufacturing ကုမ္ပဏီလီမိတက်မှ ထုံးကျောက်ထုတ်လုပ်ရေး လုပ်ငန်းအတွက် ရေးဆွဲခဲ့သော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒီဇင်ဘာလ ၉ ရက်၊ ၂၀၂၂ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ၆ လ တစ်ကြိမ် ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရန်လမ်းညွှန်ခဲ့ပါသည်။ ထို့ကြောင့် Max Myanmar Manufacturing ကုမ္ပဏီလီမိတက် အနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင်လ မှ ဒီဇင်ဘာလ အထိ ဒုတိယအကြိမ် (၆) လပတ် ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာအား တတိယအဖွဲ့အစည်း ဖြစ်သော ဟက်ဇာဂွန်နယ်အန်ဂယ်လ် နိုင်ငံတကာ အကြံပေးများ ကုမ္ပဏီလီမိတက် (Hexagonal Angle International Consultants Co., Ltd) ကို ငှားရမ်း၍ ရေးဆွဲခဲ့ပါသည်။ ဟက်ဇာဂွန်နယ်အန်ဂယ်လ် (HA) ကုမ္ပဏီလီမိတက်သည် ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာကို ပြင်ဆင်ရေးဆွဲရာတွင် အတည်ပြုထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြခဲ့သည့် စောင့်ကြပ်ကြည့်ရှုရမည့်

အစီအစဉ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အပြင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၀၉) နှင့်အညီ ရေးဆွဲပြုစုခဲ့ပါသည်။ ယခုရေးသားသော (၆) လပတ် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာသည် ဒုတိယ အကြိမ်မြောက် ဖြစ်ပါသည်။

ထုံးကျောက်ထုတ်လုပ်ရေး စီမံကိန်းဧရိယာအတွင်း လေထုနှင့် ဆူညံသံတို့ကို တိုင်းတာခြင်း၊ တုန်ခါမှုတိုင်းတာခြင်း၊ ရေအရည်အသွေးတိုင်းတာခြင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု၊ အရေးပေါ်အခြေအနေ တုံ့ပြန်မှုနှင့် လူထုအကျိုးပူးပေါင်းပါဝင်မှုစသည့် လုပ်ဆောင်ထားရှိမှု အခြေအနေများ လေ့လာခြင်း တို့ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ လုပ်ဆောင်ခဲ့ပါသည်။ ထို့ပြင် လေထုအရည်အသွေးကို OCEANUS-AQM-၀၉ စက်ကိရိယာဖြင့် တိုင်းတာခြင်း၊ အသံအရည်အသွေးအား BENETECH GM-1356 Digital Sound Level Meter ဖြင့်တိုင်းတာခြင်း၊ တုန်ခါမှုတိုင်းတာရာတွင် Rion Vibration Meter ဖြင့်လည်းကောင်း၊ ရေအရည်အသွေးကို နမူနာကောက်ယူခဲ့ပြီး Alarm Myanmar Ecological ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ခြင်းဖြင့်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ပါသည်။ တိုင်းတာခဲ့သောစက်များ၏ Calibration Report ကို နောက်ဆက်တွဲ (ခ)တွင် ဖော်ပြထားပါသည်။

## ၁.၁. ရည်ရွယ်ချက်

ဤပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ စီမံကိန်းအတွင်း ပတ်ဝန်းကျင် အရည်အသွေးများကို ဆန်းစစ်အကဲဖြတ်ရန် ဖြစ်သည်။ ထို့အပြင် ရရှိလာသော ဆန်းစစ်အကဲဖြတ်မှုများ အပေါ်မူတည်၍ စီမံကိန်းအဆိုပြုသူမှ လုပ်ငန်းဆောင်ရွက်ခြင်းများတွင် ပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးစေနိုင်သည့် အကြောင်းအရာများအား ရှောင်ရှားနိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့ကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ဖြစ်သည်။ ထို့အပြင် ရရှိလာသော ဆန်းစစ်အကဲဖြတ်မှုများ အပေါ်မူတည်၍ စီမံကိန်းအဆိုပြုသူမှ လုပ်ငန်းဆောင်ရွက်ခြင်းများတွင် ပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးစေနိုင်သည့် အကြောင်းအရာများအား ရှောင်ရှားနိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့ကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။ ဤစောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၀၈) အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း (၆) လ တစ်ကြိမ် တင်ပြရန်ဖြစ်သည်။ ထို့ပြင် အတည်ပြုထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် တိုင်းတာဖော်ပြထားခဲ့သော ပတ်ဝန်းကျင်အရည်အသွေးများ၏ အခြေအနေကို စောင်ကြပ်ကြည့်ရှုရန်နှင့် ၆ လ တစ်ကြိမ် တိုင်းတာမှုရလဒ်များအား နှိုင်းယှဉ်ရန်အတွက် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်အရည်အသွေးစောင့်ကြပ်ကြည့်ရှုတိုင်းတာရန် အရည်အသွေးများကို ဇယား ၁-၁ တွင် ဖော်ပြထားပါသည်။

ဇယား ၁-၁ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်အရည်အသွေးစောင့်ကြပ်ကြည့်ရှုတိုင်းတာရေးအစီအစဉ် (Environmental Quality Monitoring Programme)

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အချက်များ | စစ်ဆေးမည့်နေရာ | စစ်ဆေးမည့်စံနှုန်း | စစ်ဆေးမည့်အမျိုးအမည် | စစ်ဆေးမည့်ကြိမ်နှုန်း | တာဝန်ခံ | ခန့်မှန်းကုန်ကျစရိတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | လုပ်ကွက်အတွင်းမှ စွန့်ပစ်ရေ အရည်အသွေး | ဘုရားကုန်းရှိ စွန့်ပစ်မြေစာပုံ | စွန့်ပစ်မြေစာပုံအနီးရှိ ရေအရည်အသွေး တိုင်းတာခြင်း။ မိုးရာသီတွင် ရေစီးဆင်းမှု တိုင်းတာခြင်း။ | Ammonia, Arsenic, Cadmium, COD, Chlorine (total), Chromium, Copper, Cyanide(free), Cyanide(total), Fluoride, Heavy Metal(total), Iron, Lead, Mercury, Nickel, Oil and Grease, pH, Phenols, Selenium, Silver, Sulphide, Temperature Increase, Total Coliform Bacteria, Total Phosphorus, TSS, Zinc | (၆) လလျှင် တစ်ကြိမ် | ESMP အဖွဲ့ဝင်နှင့် လေ့ကျင့်ထားသော ဝန်ထမ်းများ၊ ပညာရှင်ငှားရမ်းမှု | ၅၀၀,၀၀၀ ကျပ် | ပညာရှင် ငှားရမ်းမှု |
| ၂ | မြေပေါ်ရေ အသုံးချမှုနှင့် ရေစီးဆင်းမှု | ရေပူချောင်း | ရေအသုံးချမှုနှင့် ရေစီးဆင်းမှုကိုတိုင်းတာခြင်း။ | ဂါလန် | (၆) လလျှင် တစ်ကြိမ် | ESMP အဖွဲ့ဝင်နှင့် လေ့ကျင့်ထား သောဝန်ထမ်းများ | - | အခမဲ့ |
| ၃ | မြေပေါ်ရေ အရည်အသွေး | ရေပူချောင်း | မြေပေါ်ရေအရည်အသွေး တိုင်းတာခြင်းနှင့် စစ်ဆေးခြင်း။ | pH, COD, BOD, TSS, Phosphate, Nitrate, Oil and Grease, Turbidity, Dissolved Oxygen | (၆) လလျှင် တစ်ကြိမ် | ပညာရှင်ငှားရမ်းမှု | ၅၀၀,၀၀၀ ကျပ် | ပညာရှင် ငှားရမ်းမှု |

| စဉ် | စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အချက်များ | စစ်ဆေးမည့် နေရာ | စစ်ဆေးမည့်စံနှုန်း | စစ်ဆေးမည့်အမျိုးအမည် | စစ်ဆေးမည့် ကြိမ်နှုန်း | တာဝန်ခံ | ခန့်မှန်း ကုန်ကျ စရိတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၄ | မြေအောက်ရေ အရည်အသွေး | မြေအောက်ရေအသုံးပြုခြင်း မရှိပါ။ | | | | | | |
| ၅ | လေထု အရည်အသွေး | အောင်နန်းချို ကျေးရွာ၊ စီမံကိန်းဧရိယာ အနီး | လေထုအရည်အသွေးပြောင်းလဲမှုအား လေ့လာစောင့်ကြပ်ခြင်းနှင့် တိုင်းတာမှုပြုလုပ်ခြင်း။ | $PM_{2.5}$, $PM_{10}$, TSP, Temperature, Humidity, VOC, $CO_2$, CO, $NO_2$, $O_3$, $SO_2$, Air Pressure, Wind Speed and Wind Direction | (၆) လလျှင် တစ်ကြိမ် | ပညာရှင်ငှားရမ်းမှု | ၃,၀၀၀,၀၀၀ ကျပ် | ပညာရှင်ငှားရမ်းမှု |
| ၆ | ဆူညံသံနှင့် တုန်ခါမှု အရည်အသွေး | အောင်နန်းချို ကျေးရွာ၊ စီမံကိန်းဧရိယာ အနီး | ဆူညံသံအရည်အသွေးပြောင်းလဲမှုအားလေ့လာစောင့်ကြပ်ခြင်းနှင့် တိုင်းတာမှုပြုလုပ်ခြင်း။ | dB(A) | (၆) လလျှင် တစ်ကြိမ် | ပညာရှင်ငှားရမ်းမှု | ၅၀၀,၀၀၀ ကျပ် | ပညာရှင် ငှားရမ်းမှု |
| ၇ | တိုက်စားမှုနှင့် အနည်ကျမှု | အောင်နန်းချို ကျေးရွာ | တိုက်စားမှုများ လေ့လာစောင့်ကြည့်ခြင်းနှင့်တိုက်စားမှုနှုန်း တွက်ချက်ခြင်း။ | တိုက်စား၊ အနည်ကျမှုဖြစ်နိုင်ချေများ | (၆) လလျှင် တစ်ကြိမ် | ပညာရှင်ငှားရမ်းမှု | - | အခမဲ့ |

## ၁.၂. စီမံကိန်းတည်နေရာနှင့် ပတ်ဝန်းကျင်အခြေအနေ

Max Myanmar Manufacturing ကုမ္ပဏီလီမိတက်၏ ထုံးကျောက်ထုတ်လုပ်ရေး စီမံကိန်းဧရိယာဖြစ်သည့် ဧက ၅၀ သည် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ တောင်ဖီလာဧရိယာရှိ ဘုရားကုန်းတောင်ကုန်း အနီးတွင် တည်ရှိပါသည်။ စီမံကိန်းဧရိယာနေရာမှာ မြောက်လတ္တီကျူ ၁၉ ဒီဂရီ၊ ၃၁ မိနစ်၊ ၂၇.၉၄ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၆ ဒီဂရီ၊ ၂၄ မိနစ်၊ ၁၅.၉၇ စက္ကန့် တည်ရှိပါသည်။ စီမံကိန်းဧရိယာသည် ဇလီငှက်ကြီးတောင်ကျေးရွာအုပ်စု၊ အောင်နန်းချို ကျေးရွာ၏ တောင်ဘက် ၀.၇၅ မိုင်အကွာတွင် တည်ရှိပြီး ရေနီမြို့၏ အရှေ့ဘက် (၁၀) မိုင် အကွာ ( ရန်ကုန် - မန္တလေးအဝေးပြေးလမ်း)၊ နေပြည်တော်၏ အနောက်တောင်ဘက် ၂၅.၅ မိုင် အကွာနှင့် ရန်ကုန်၏ မြောက်ဘက် ၁၇၈ မိုင် အကွာတွင် တည်ရှိပါသည်။ စီမံကိန်းနေရာသည် ရန်ကုန် -မန္တလေး လမ်းမကြီး၏ အရှေ့ဘက် ၁၀ မိုင်အကွာတွင် နေပြည်တော်၏ အရှေ့တောင်ဘက် ၂၅.၅ မိုင်အကွာနှင့် ရန်ကုန်မြို့၏မြောက်ဘက် ၁၇၈ မိုင်အကွာတွင်ရှိသည်။ ထို့အပြင် ထုံးကျောက်ထုတ်လုပ်ရေး စီမံကိန်းဧရိယာ၏ အနီးပတ်ဝန်းကျင်တွင် Max Myanamar Manufacturing ကုမ္ပဏီလီမိတက် ၏ဘိလပ်မြေထုတ်လုပ်သည့်စက်ရုံနှင့် NCDC ဘိလပ်မြေစက်ရုံ တို့ရှိပါသည်။ စီမံကိန်း၏ တည်နေရာပြမြေပုံအား ပုံ ၁-၁ တွင်ဖော်ပြထားပါသည်။




ပုံ ၁-၁ စီမံကိန်းတည်နေရာပြမြေပုံ

# အခန်း ( ၂ )
# ပတ်ဝန်းကျင်အရည်အသွေးများစောင့်ကြပ်လေ့လာခြင်း

## ၂.၁. ပတ်ဝန်းကျင်အရည်အသွေးများတိုင်းတာမှု

ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများ စောင့်ကြပ်လေ့လာခြင်းအတွက် လေထုအရည်အသွေး၊ ဆူညံသံအရည်အသွေး၊ တုန်ခါမှုအရည်အသွေးနှင့် ရေထုအရည်အသွေးတို့ကို စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့်စေတီတော်နှင့် အောင်နန်းချိုကျေးရွာ အတွင်းတွင် တိုင်းတာခဲ့ပြီး လိုအပ်သည့် စီမံခန့်ခွဲမှုအစီအစဉ်များကိုလည်း လေ့လာခဲ့ပါသည်။ ထိုအရည်အသွေးများကို တိုင်းတာခဲ့သည့် နည်းလမ်းများ၊ စက်ပစ္စည်းများနှင့် ရလဒ်များကို အောက်ပါ ဇယား ၂-၁ တွင် အသေးစိတ် ဖော်ပြထားပါသည်။

## ဇယား ၂-၁ ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှု

| စဉ် | အမျိုးအစား | အမျိုးအစား | အရေအတွက် | ကြာချိန် | တိုင်းတာသည့် နည်းလမ်း/ စက်ပစ္စည်း အမျိုးအစား |
|---|---|---|---|---|---|
| ၁။ | လေထုအရည်အသွေး | $PM_{2.5}$, $PM_{10}$, TSP, Temperature, Humidity, VOC, $CO_2$, CO, $NO_2$, $O_3$, $SO_2$, Air Pressure, Wind Speed and Wind Direction | ၂ | ၂၄ နာရီ | OCEANUS-AQM-09 station |
| ၂။ | ဆူညံသံအရည်အသွေး | LAeq (dB(A)) | ၂ | ၂၄ နာရီ | BENETECH GM-1356 digital sound level meter |
| ၃။ | မြေပေါ်ရေအရည်အသွေး | pH, COD, BOD, TSS, Phosphate, Nitrate, Oil and Grease, Turbidity, Dissolved Oxygen | ၁ | - | ALARM Ecological ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်း |
| | စွန့်ပစ်ရေအရည်အသွေး | Ammonia, Arsenic, Cadmium, COD, Chlorine (total), Copper, Cyanide(total), Iron, Lead, Mercury, Nickel, Oil and Grease, pH, Sulphide, Temperature Increase, Total Phosphorus, TSS, Zinc | ၁ | - | |
| ၄။ | တုန်ခါမှုအရည်အသွေး | Acceleration(m/s2), Velocity (mm/s), Displacement(mm) | ၂ | | |

## ၂.၂. လေထုအရည်အသွေး

လေအရည်အသွေးတိုင်းတာခြင်းရည်ရွယ်ချက်မှာ စီမံကိန်းဧရိယာ၏ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် အသုံးပြုရသော စက်ယန္တရားများကြောင့် ဖြစ်ပေါ်လာသော လေထုအရည် အသွေးများအား သိရှိနိုင်ရန်နှင့် စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရန် ဖြစ်သည်။

### ၂.၂.၁. လေထုအရည်အသွေးတိုင်းတာမှုနည်းစနစ်

လေထုအရည်အသွေးအား စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့်စေတီတော် ၊ အောင်နန်းချို ကျေးရွာအတွင်း (၂၄) နာရီကြာ တိုင်းတာမှုများ ပြုလုပ်ခဲ့ပါသည်။ ဤ လေအရည်အသွေး စောင့်ကြပ် ကြည့်ရှုမှုအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ OCEANUS AQM-၀၉ စက်အားအသုံးပြု၍ စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့်စေတီတော်တွင် လည်းကောင်း၊ အောင်နန်းချို ကျေးရွာရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်း အတွင်းတွင်လည်ကောင်း တိုင်းတာခဲ့ပြီး တည်နေရာကို ဇယား ၂-၂ တွင် ဖော်ပြထားပါသည်။ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုတိုင်းတာရန် အမှတ်များတွင် လုံခြုံရေးအခြေအနေ အချို့ကြောင့်နေရာပြောင်းရွှေ့၍ တိုင်းတာရခြင်းများ ရှိခဲ့ပါသည်။ လေထုအရည်အသွေး တိုင်းတာခဲ့သည့် တည်နေရာပြမြေပုံနှင့် တိုင်းတာမှု ပြုလုပ်ခဲ့ပုံများအား ပုံ ၂-၁ နှင့် ပုံ ၂-၂ တွင် ဖော်ပြထားပါသည်။

**ဇယား ၂-၂ လေထုအရည်အသွေးတိုင်းတာခဲ့သည့် နေရာ**

| စီမံကိန်းအမည် | တည်နေရာ | တိုင်းတာသည့်နေ့ရက် |
|---|---|---|
| အောင်နန်းချိုကျေးရွာ | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၈.၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၂၆.၄၆ စက္ကန့် | ဒီဇင်လာလ ၂၀ ရက် မှ ၂၁ ရက်၊၂၀၂၃ ခုနှစ်။ |
| စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့်စေတီတော် | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၃၃.၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၁၂.၁၄ စက္ကန့် | ဒီဇင်လာလ ၂၂ ရက် မှ ၂၃ ရက်၊၂၀၂၃ ခုနှစ်။ |




ပုံ ၂-၁ လေအရည်အသွေးတိုင်းတာသည့်နေရာပြမြေပုံ

| | |
|---|---|
|  |  |
| အောင်နန်းချိုကျေးရွာတွင် လေထုအရည်အသွေးတိုင်းတာခြင်း | |
|  |  |
| စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်တွင် လေထုအရည်အသွေးတိုင်းတာခြင်း | |

**ပုံ ၂-၂ လေထုအရည်အသွေးတိုင်းတာခြင်း**

## ၂.၂.၂. လေထုအရည်အသွေးတိုင်းတာမှုရလဒ်

Hexagonal Angle ကုမ္ပဏီမှ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် Max Myanmar Manufacturing ကုမ္ပဏီလီမိတက်အတွက် လေထုအရည်အသွေးများဖြစ်သော အမှုန်အမွှား ($PM_{2.5}$, $PM_{10}$, TSP)၊ ဓာတ်ငွေ့များ ဖြစ်သည့် ကာဗွန်မိုနောက်ဆိုဒ် (CO)၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် ($NO_2$)၊ အိုဇုန်း ($O_3$)၊ ဆာလဖာဒိုင် အောက်ဆိုဒ် ($SO_2$)၊ အပူချိန်၊ စိုထိုင်းစ၊ လေထုဖိအား၊ လေတိုက်နှုန်းနှင့် လေတိုက်ခတ်ရာ အရပ်များကို တိုင်းတာခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထိုလေထုအရည်အသွေး တိုင်းတာမှုရလဒ်များကို အမျိုးသားပတ်ဝန်းကျင်

ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)[၁] ဖြင့် လည်းကောင်း၊ Word Health Organization (WHO) global air quality လမ်းညွှန်ချက်များ (၂၀၂၁)[၂] ဖြင့် လည်းကောင်း၊ OSHA (PEL) စံချိန်စံနှုန်းများဖြင့် လည်းကောင်း၊ အတည်ပြု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် တိုင်းတာခဲ့သော အရည်အသွေး ရလဒ်များဖြင့်လည်းကောင်း နှိုင်းယှဉ်ထားပုံကို အောက်ပါ ဇယား ၂-၃ တွင် ဖော်ပြထားပါသည်။

စီမံကိန်းဧရိယာများအတွင်း ယခုတိုင်းတာခဲ့သော ရလဒ်များအရ ရလဒ်များသည် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) စံချိန်စံညွှန်းများ အတွင်း၌သာ ရှိသည်ကို တွေ့ရှိရပါသည်။

လေထုသည် အပူ၊ အစိုဓာတ်၊ အမှုန်များနှင့် အခြားဂုဏ်သတ္တိများကို တစ်နေရာမှ တစ်နေရာသို့ လွှဲပြောင်းပေးသော အပူစွမ်းအင်ယန္တရား၏ အရေးပါသော အစိတ်အပိုင်း ဖြစ်သည်။ လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးသော ဓာတ်ငွေ့များဖလှယ်ခြင်းသည် လေတိုက်နှုန်းနှင့် လေဦးတည်ချက်တို့ကြောင့် သက်ရောက်မှုရှိပါသည်။ တိုင်းတာမှုများအရ အောင်နန်းချိုကျေးရွာတွင် လေတိုက်ရာအရပ်မှာ တောင်ဘက်အရပ်နှင့် မြောက်ဘက် အရပ်များမှ လေ့လာသည့်ဧရိယာသို့ တစ်စက္ကန့်လျှင် ၀.၄၁ m/s အရှိန်နှုန်းဖြင့်လည်းကောင်း၊ စီမံကိန်း ဧရိယာအနီးရှိ ရွှေဘုန်းပွင့်စေတီတော်တွင် လေတိုက်ရာအရပ်မှာ အရှေ့တောင်ဘက်အရပ်နှင့် အနောက်မြောက်ဘက်အရပ်များမှ လေ့လာသည့်ဧရိယာသို့ တစ်စက္ကန့်လျှင် ၀.၃၄ m/s အရှိန်နှုန်းဖြင့်လည်းကောင်း တိုက်ခတ်နေပါသည်။ စက်ရုံဧရိယာအတွင်း လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းတို့ကို ပုံ ၂-၃ နှင့် ပုံ ၂-၄ တို့တွင် အသီးသီးဖော်ပြထားပါသည်။

---

[1] ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၂၀၁၅ခုနှစ်။ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်၊ အမိန့်ကြော်ငြာ စာအမှတ် ၆၁၅/၂၀၁၅၊ နေပြည်တော်၊ နတ်တော်လပြည့်ကျော် ၃ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၇၇ခုနှစ်။

2 Word Health Organization (WHO), 2021. Global Air Quality Guidelines: particulate matter ($PM_{2.5}$ and $PM_{10}$), ozone, nitrogen dioxide, sulfur dioxide and carbon monoxide. Executive summary.




ပုံ ၂-၃ အောင်နန်းချိုကျေးရွာတွင် လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ




ပုံ ၂-၄ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်တွင် လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ

## ဇယား ၂-၃ စီမံကိန်းဧရိယာတွင် လေထုအရည်အသွေးတိုင်းတာခဲ့မှုရလဒ်များ

| စဉ် | အမျိုးအစား | တိုင်းတာခဲ့သည့်ပျမ်းမျှကြာချိန် | အောင်နန်းချို ကျေးရွာတွင် တိုင်းတာခဲ့သည့်ရလဒ်များ (၂၀-၂၁ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | ရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင်တိုင်းတာခဲ့သည့်ရလဒ်များ (၂၂-၂၃ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | အောင်နန်းချိုကျေးရွာတွင်တိုင်းတာခဲ့သည့်ရလဒ်များ (၁၇ - ၁၈ ရက်၊ မေလ ၂၀၂၃) | စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင်တိုင်းတာခဲ့သည့်ရလဒ်များ (၁၇ - ၁၈ ရက်၊ မေလ ၂၀၂၃) | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ရရှိခဲ့သော ရလဒ် | | ယူနစ် | ပျမ်းမျှကြာချိန် | NEQEG လမ်းညွှန်ချက်များ | | WHO လမ်းညွှန်ချက်များ | OSHA (PEL) စံချိန်စံနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | အောင်နန်းချိုကျေးရွာတွင် တိုင်းတာခဲ့သည့်ရလဒ်များ | စီမံကိန်းဧရိယာတွင် တိုင်းတာခဲ့သည့်ရလဒ်များ | | | | | | | |
| ၁ | Particulate Matter ($PM_{2.5}$) | ၂၄ နာရီ | ၁၁.၀၄ | ၆.၆၁ | ၁၀.၈၆ | ၂.၇၅ | ၁၆.၈ | ၁၅ | µg/m၃ | ၁ | နှစ် | ၁၀ µg/m၃ | ၅ µg/m၃ | NG | စံချိန်စံညွှန်းအတွင်း |
| | | | | | | | | | | ၂၄ | နာရီ | ၂၅ µg/m၃ | ၁၅ µg/m၃ | | |
| ၂ | Particulate Matter ($PM_{10}$) | ၂၄ နာရီ | ၂၀.၇၄ | ၁၂.၁၃ | ၁၇.၇၉ | ၃.၇၁ | ၂၄.၂ | ၂၀ | µg/m၃ | ၁ | နှစ် | ၂၀ µg/m၃ | ၁၅ µg/m၃ | NG | စံချိန်စံညွှန်းအတွင်း |
| | | | | | | | | | | ၂၄ | နာရီ | ၅၀ µg/m၃ | ၄၅ µg/m၃ | | |
| ၃ | Total Suspended Particulate (TSP) | ၂၄ နာရီ | ၂၉.၇၄ | ၁၆.၉၃ | ၂၂.၄၀ | ၄.၃၉ | - | - | µg/m၃ | ၂၄ နာရီ | NG | | NG | NG | စံချိန်စံညွှန်းအတွင်း |
| ၄ | ကာဗွန်မိုနောက်ဆိုဒ် (CO) | ၂၄ နာရီ | ၀.၀၁ | ၀.၀၁ | ၀.၃၄ | ၀ | ၂၇၅.၂ | ၂၅၀ | mg/m၃ | ၁၅ | မိနစ် | NG | ၁၀၀ mg/m၃ | - | စံချိန်စံညွှန်းအတွင်း |

| စဉ် | အမျိုးအစား | တိုင်းတာခဲ့သည့်ပျမ်းမျှကြာချိန် | အောင်နန်းချိုကျေးရွာတွင်တိုင်းတာခဲ့သည့်ရလဒ်များ (၂၀-၂၁ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | ရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင်တိုင်းတာခဲ့သည့်ရလဒ်များ (၂၂-၂၃ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | အောင်နန်းချိုကျေးရွာတွင်တိုင်းတာခဲ့သည့်ရလဒ်များ (၁၇ - ၁၈ ရက်၊ မေလ ၂၀၂၃) | စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင်တိုင်းတာခဲ့သည့်ရလဒ်များ (၁၇ - ၁၈ ရက်၊ မေလ ၂၀၂၃) | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင်ရရှိခဲ့သော ရလဒ် | | ယူနစ် | ပျမ်းမျှကြာချိန် | NEQEG လမ်းညွှန်ချက်များ | | WHO လမ်းညွှန်ချက်များ | OSHA (PEL) စံချိန်စံနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | အောင်နန်းချိုကျေးရွာတွင်တိုင်းတာခဲ့သည့်ရလဒ်များ | စီမံကိန်းဧရိယာတွင်တိုင်းတာခဲ့သည့်ရလဒ်များ | | | | | | | |
| | | | | | | | | | | ၁ | နာရီ | | ၃၅ mg/m၃ | | |
| | | | | | | | | | | ၈ | နာရီ | | ၁၀ mg/m၃ | ၅၀ ppm | |
| | | | | | | | | | | ၂၄ | နာရီ | | ၄ mg/m၃ | | |
| ၅ | မငွေ့ရည်ပြန်လွယ်သော ဓာတုဒြပ်ပေါင်းများ (VOCs) | ၂၄ နာရီ | ၀ | ၀ | - | ၀.၂၅ | ၃၂ | ၆ | ppm | - | NG | | NG | NG | - |
| ၆ | ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) | ၂၄ နာရီ | ၂၈၃.၃၃ | ၂၈၅.၂၈ | - | ၂၉၉.၁၉ | - | - | ppm | ၈ နာရီ | NG | | NG | ၅၀၀၀ ppm | - |
| ၇ | | ၁ နာရီ | ၆၇.၇၈ | ၆၅.၄၂ | ၂၃.၂၇ | ၅၈.၂၈ | ၄၄.၂ | ၄၀.၃ | µg/m၃ | ၁ | နှစ် | ၄၀ µg/m၃ | ၁၀ µg/m၃ | NG | စံချိန်စံညွှန်း |

| စဉ် | အမျိုးအစား | တိုင်းတာခဲ့သည့် ပျမ်းမျှကြာချိန် | အောင်နန်းချို ကျေးရွာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၂၀-၂၁ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | ရွှေဘုန်းပွင့်စေတီ တော်ကျေးရွာ တွင်တိုင်းတာခဲ့သည့် ရလဒ်များ (၂၂-၂၃ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | အောင်နန်းချို ကျေးရွာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၁၇ - ၁၈ ရက်၊ မေလ ၂၀၂၃) | စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီ တော်ကျေးရွာ တွင်တိုင်းတာခဲ့သည့် ရလဒ်များ (၁၇ - ၁၈ ရက်၊ မေလ ၂၀၂၃) | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ရရှိခဲ့သော ရလဒ် | | ယူနစ် | ပျမ်းမျှ ကြာချိန် | NEQEG လမ်းညွှန်ချက်များ | | WHO လမ်းညွှန်ချက်များ | OSHA (PEL) စံချိန်စံနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | အောင်နန်းချိုကျေးရွာတွင် တိုင်းတာခဲ့သည့်ရလဒ်များ | စီမံကိန်းဧရိယာတွင် တိုင်းတာခဲ့သည့်ရလဒ်များ | | | | | | | |
| | နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ် ($NO_2$) | | | | | | | | | ၁ | နာရီ | ၂၀၀ µg/m$^၃$ | ၂၀၀ µg/m$^၃$ | | အတွင်း |
| ၈ | အိုဇုန်း ($O_3$) | ၈ နာရီ | ၁၇.၄၆ | ၁၆.၄၇ | ၆.၅၇ | ၂၇.၆၃ | ၆၇ | ၇၃ | µg/m$^၃$ | ၈ နာရီ Daily Maximum | ၁၀၀ µg/m$^၃$ | | ၁၀၀ µg/m$^၃$ | NG | စံချိန်စံညွှန်း အတွင်း |
| ၉ | ဆာလဖာဒိုင် (အောက်ဆိုဒ် ($SO_2$) | ၂၄ နာရီ | ၁၉.၃၅ | ၁၁.၀၈ | ၅၃.၉၇ | ၄.၆၁ | ၃၃.၃ | ၃၂.၈ | µg/m$^၃$ | ၁၀ | မိနစ် | ၅၀၀ µg/m$^၃$ | ၅၀၀ µg/m$^၃$ | NG | စံချိန်စံညွှန်း အတွင်း |
| | | | | | | | | | | ၂၄ | နာရီ | ၂၀ µg/m$^၃$ | ၄၀ µg/m$^၃$ | | |
| ၁၀ | အပူချိန် | ၂၄ နာရီ | ၂၂.၈၈ | ၂၄.၆၅ | ၃၀.၃၅ | ၃၁.၁၇ | - | - | °C | - | NG | | NG | NG | - |
| ၁၁ | စိုထိုင်းစ | ၂၄ နာရီ | ၇၄.၆၄ | ၇၃.၃၂ | ၆၁.၃၇ | ၆၆.၉၃ | - | - | Rh% | - | NG | | NG | NG | - |
| ၁၂ | လေတိုက်ရာအရပ် | ၂၄ နာရီ | ၁၉၇.၅ | ၁၆၇.၅၉ | ၁၆၃.၉၇ | ၂၀၇.၅၅ | - | - | Degree | - | NG | | NG | NG | - |

| စဉ် | အမျိုးအစား | တိုင်းတာခဲ့သည့် ပျမ်းမျှကြာချိန် | အောင်နန်းချိုကျေးရွာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၂၀-၂၁ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | ရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင်တိုင်းတာခဲ့သည့် ရလဒ်များ (၂၂-၂၃ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | အောင်နန်းချိုကျေးရွာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၁၇ - ၁၈ ရက်၊ မေလ ၂၀၂၃) | စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင်တိုင်းတာခဲ့သည့် ရလဒ်များ (၁၇ - ၁၈ ရက်၊ မေလ ၂၀၂၃) | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ရရှိခဲ့သော ရလဒ် | | ယူနစ် | ပျမ်းမျှကြာချိန် | NEQEG လမ်းညွှန်ချက်များ | WHO လမ်းညွှန်ချက်များ | OSHA (PEL) စံချိန်စံနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | အောင်နန်းချိုကျေးရွာတွင် တိုင်းတာခဲ့သည့်ရလဒ်များ | စီမံကိန်းဧရိယာတွင် တိုင်းတာခဲ့သည့်ရလဒ်များ | | | | | | |
| ၁၃ | လေတိုက်နှုန်း | ၂၄ နာရီ | ၀.၄၁ | ၀.၃၄ | ၀.၉၃ | ၀.၉၄ | - | - | m/s | - | NG | NG | NG | - |

NEQ(E)G=National Environmental Quality Emission Guideline

WHO= Word Health organization Guideline

OSHA= Occupational Safety and Health Administration; REL= Permissible Exposure Limit

“-“= No Guideline

## ၂.၂.၃. လေအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ

စီမံကိန်းဧရိယာအတွင်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀ မှ ၂၃ ရက်နေ့အထိ တိုင်းတာမှု ရလဒ်များအရ စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့်စေတီတော်ကျေးရွာ နှင့် အောင်နန်းချိုကျေးရွာ တွင် တိုင်းတာရရှိခဲ့သော ရလဒ်များ သည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ နှင့် Word Health Organization (WHO) global air quality လမ်းညွှန်ချက်များ (2021)[3] အတွင်းတွင် တည်ရှိနေကြောင်းကို လေ့လာ တွေ့ရှိခဲ့ပါသည်။ယခု ရရှိသော ရလဒ်များသည် ယခင် ရလဒ်များထက် ပိုမိုကောင်းမွန်ကြောင်းကို တွေ့ရှိရပါသည်။

ဆာလဖာဒိုင်အောက်ဆိုဒ်ရလဒ်သည် စံချိန်စံနှုန်းအတွင်းတွင် တည်ရှိကာ အောင်နန်းချိုကျေးရွာတွင် ညနေ ၄နာရီမှ ည ၈နာရီအထိ ရွှေဘုန်းပွင့် စေတီတော်အနီးတွင် ညနေ ၅နာရီမှ ည ၉ နာရီအထိ ကျော်လွန်နေကြောင်းကို တွေ့ရသော်လည်း ၎င်းအချိန်များသည် ထုံးကျောက်လုပ်ကွက်မှ လုပ်ငန်းပိတ်သိမ်းသည့် အချိန်များဖြစ်ပါသည်။ တွေ့ရှိချက်အရ ဤသို့ ကျော်လွန်ရခြင်းမှာ အနီးပတ်ဝန်းကျင် ကျေးရွာများမှ အမှိုက်များ မီးရှို့ခြင်း၊ ထမင်းဟင်းချက်သော နေရာများမှ အငွေ့များထွက်ခြင်း၊ အနီးပတ်ဝန်းကျင်မှ အလုပ်သမားများ လုပ်ငန်းခွင်ဝင်ရာမှ ပြန်လာသော ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ဝင်ထွက်သွားလာခြင်းတို့ကြောင့် ဆာလဖာဒိုင်အောက်ဆိုဒ်သည် သတ်မှတ်လမ်းညွှန်ချက်ထက် ကျော်လွန်နေရခြင်း ဟု ကောက်ချက်ချနိုင်ပါသည်။ အမှုန်အမွှားထွက်ရှိမှု ၂၄ နာရီ ဂရပ်ကို ပုံ ၂-၅၊ ပုံ ၂-၇ နှင့် ဆာလဖာဒိုင်အောက်ဆိုဒ် ၏ ကျော်လွန်နေချိန်ကို လေ့လာနိုင်ရန် အောက်တွင် ၂၄ နာရီ ဂရပ်ကို ပုံ ၂-၆ နှင့် ပုံ ၂-၈ တွင် ဖော်ပြထားပါသည်။




**ပုံ ၂-၅ အောင်နန်းချိုကျေးရွာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်းဇယား**

3 Word Health Organization (WHO), 2021. Global Air Quality Guidelines: particulate matter (PM2.5 and PM10), ozone, nitrogen dioxide, sulfur dioxide and carbon monoxide. Executive summary.




ပုံ ၂-၆ အောင်နန်းချိုကျေးရွာတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်းဇယား




ပုံ ၂-၇ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်းဇယား




**ပုံ ၂-၈ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်ကျေးရွာတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်းဇယား**

## ၂.၂.၄. သုံးသပ်ချက်နှင့်အကြံပြုချက်

Max Myanmar Manufacturing ကုမ္ပဏီလီမိတက်အတွက် ဘိလပ်မြေ ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရာမှ ဆာလဖာဒိုင်အောက်ဆိုဒ် ထွက်ရှိမှု ပျမ်းမျှရလဒ်သည် သတ်မှတ်စံနှုန်းအတွင်း ရှိသော်လည်း အချို့အချိန်များတွင် ရလဒ်ပမာဏ သည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ထက် ကျော်လွန်နေရခြင်းမှာ ကားများ၊ ဆိုင်ကယ်များ အသုံးပြုခြင်းကြောင့် ဖြစ်ပါသည်။ ထိုအမှုန်နှင့် ဓာတ်ငွေ့များကြောင့် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများအတွက် အောက်ပါလျော့ချရမည့် နည်းလမ်းများကို ဆောင်ရွက်မည် ဖြစ်ပါသည်။

- စီမံကိန်း လုပ်ကွက်ဧရိယာ အတွင်း လေထုအရည်အသွေး ထိခိုက်မှုမရှိစေရေး ရေဖြန်းခြင်းများ ဆောင်ရွက်သွားခြင်း။
- မော်တော်ယာဉ်များ အရှိန်လျော့ မောင်းနှင်စေခြင်း ဖြင့် အမှုန်အမွှားထွက်ရှိမှု ကို လျော့ချသွားခြင်း။
- စွန့်ပစ်ပစ္စည်းများအား လေဟာပြင်တွင် မီးရှို့ခြင်းများအား တားဆီးခြင်း။
- စက်ပစ္စည်းများ၊ စက်ယန္တရားများအား ပုံမှန်ပြုပြင်ခြင်းအားဖြင့် လေထုအရည်အသွေး ညစ်ညမ်းမှုကို လျော့ချပေးခြင်း။
- ဝန်ထမ်းများအား PPE များထောက်ပံ့ပေးခြင်း။

စီမံကိန်းဧရိယာအတွင်းတွင် ကုန်ကြမ်းများ ထုတ်လုပ်သည့် နေရာနှင့် စွန့်ပစ်အမှိုက်များ ထွက်ရှိသော နေရာများတွင် အမှုန်အမွှားများနှင့် ဓါတ်ငွေ့များထွက်ရှိမှုတို့ ကြောင့် လေထုညစ်ညမ်းမှု လျော့နည်းစေရန် အတွက် လုပ်ငန်းဆောင်ရွက်သည့် နေရာရှိ လေထုအရည်အသွေးအား တစ်နှစ်လျှင် နှစ်ကြိမ် တိုင်းတာ၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု လမ်းညွှန်ချက်များ နှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးသွားမည် ဖြစ်ပါသည်။

## ၂.၃. ဆူညံသံအရည်အသွေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဆူညံသံလွန်ကဲမှုအား အကြားအာရုံဆုံးရှုံးခြင်း၊ နှလုံး သွေးကြောဆိုင်ရာပြဿနာများ၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျခြင်းတို့ကို ဖြစ်စေနိုင်သည့် လျှော့ပေါ့၍ တွက်ချက်ခဲ့မိကြသော ခြိမ်းခြောက်မှု အန္တရာယ်တစ်ခုအဖြစ် ဖော်ပြ ထားသည်။ အသံဆူညံမှုသည် လူသားများကို အိပ်ပျော်စေရန် ခက်ခဲခြင်းနှင့် နှလုံးရောဂါစသော ထိခိုက်မှုပုံစံအမျိုးမျိုးဖြင့် ထိခိုက်စေနိုင်ပါသည်။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆူညံသံကို ထိန်းချုပ်ရန်နှင့် စည်းမျဉ်းကန့်သတ်ချက်များအတွက် အခြေခံအဖြစ် အသုံးပြုနိုင်ရန် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပါသည်။ ဆူညံသံတိုင်းတာရခြင်း ရည်ရွယ်ချက်မှာ အသံလွန်ကဲမှုကို ထိန်းချုပ်ရန်နှင့် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများ၏ အကြားအာရုံနှင့် ကျန်းမာရေးကို ကာကွယ်ရန် အတွက် ဖြစ်ပါသည်။ စီမံကိန်းဆောင်ရွက်ရာမှ ဆူညံသံ ထွက်ရှိမှုသည်လည်း ထုတ်ပြန်ထားသော လမ်းညွှန်ချက်များထက် မကျော်လွန်သင့်ပါ။

### ၂.၃.၁. ဆူညံသံအရည်အသွေးတိုင်းတာမှုနည်းစနစ်

အသံဆူညံမှုတိုင်းတာခြင်းကို စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့်စေတီတော်ကျေးရွာ၊ အောင်နန်းချိုကျေးရွာ အတွင်း BENETECH GM-1356 digital sound level meter ကို အသုံးပြု၍ ၂၄ နာရီကြာ တိုင်းတာဆောင်ရွက်ခဲ့ပါသည်။ ဤအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ မှ ၂၃ အထိ စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့် စေတီတော်ကျေးရွာ ဘုရားဝင်းအတွင်းတွင် လည်းကောင်း၊ အောင်နန်းချိုကျေးရွာရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်း အတွင်းတွင် လည်းကောင်း တိုင်းတာမှု ပြုလုပ် ခဲ့ပါသည်။ ဆူညံသံအရည်အသွေး တိုင်းတာခဲ့သည့် တည်နေရာကို ဇယား ၂-၄ နှင့် တိုင်းတာခဲ့သည့် နေရာပြမြေပုံ၊ တိုင်းတာမှု ပြုလုပ်ခဲ့ပုံများအား ပုံ ၂-၉၊ ပုံ ၂-၁၀နှင့် ပုံ ၂-၁၁ တွင် ဖော်ပြထားပါသည်။

**ဇယား ၂-၄ ဆူညံသံအရည်အသွေးတိုင်းတာခဲ့သည့် နေရာ**

| စီမံကိန်းအမည် | တည်နေရာ | တိုင်းတာသည့်နေ့ရက် |
|---|---|---|
| အောင်နန်းချိုကျေးရွာ | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၈.၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၂၆.၄၆ စက္ကန့် | ဒီဇင်ဘာလ ၂၀ ရက် မှ ၂၁ ရက်၊၂၀၂၃ ခုနှစ်။ |
| စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့်စေတီတော် | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၃၃.၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၁၂.၁၄ စက္ကန့် | ဒီဇင်ဘာလ ၂၂ ရက် မှ ၂၃ ရက်၊၂၀၂၃ ခုနှစ်။ |




ပုံ ၂-၉ ဆူညံသံတိုင်းတာခဲ့သည့်နေရာပြမြေပုံ

| | |
|---|---|
| BENETECH GM-၁၃၅၆ digital sound level meter |   |

**ပုံ ၂-၁၀ အသံဆူညံမှုတိုင်းတာသည့် ကိရိယာ**

| | |
|---|---|
|  |  |
| အောင်နန်းချိုကျေးရွာတွင် ဆူညံသံတိုင်းတာမှု | စီမံကိန်းဧရိယာအနီးရှိ<br>ရွှေဘုန်းပွင့်စေတီတော်ကျေးရွာ တွင်<br>ဆူညံသံတိုင်းတာမှု |

**ပုံ ၂-၁၁ အသံဆူညံမှုတိုင်းတာခြင်း**

## ၂.၃.၂. ဆူညံသံအရည်အသွေးတိုင်းတာမှုရလဒ်များ

စီမံကိန်းအတွင်း ဆူညံသံတိုင်းတာခဲ့သော ရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များဖြင့်လည်းကောင်း၊ အတည်ပြု ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် တိုင်းတာခဲ့သော အရည်အသွေး ရလဒ်များဖြင့် လည်းကောင်း နှိုင်းယှဉ်ထားပုံကို အောက်ပါ ဇယား ၂-၅ တွင် ဖော်ပြထားပါသည်။

ဆူညံသံတိုင်းတာမှုရလဒ်များ အရ အောင်နန်းချိုကျေးရွာတွင် နေ့အချိန်တွင် ၄၉.၇၃ dBA နှင့် ညအချိန်တွင် ၄၅.၇၇ dBA ရွှေဘုန်းပွင့် စေတီတော်တွင် ၄၉.၂ dBA နှင့် ညအချိန်တွင် ၅၀.၂၆ dBA ရှိသောကြောင့် သတ်မှတ်လမ်းညွှန်ချက် ၇၀ dBA ထက် မကျော်လွန်ကြောင်း လေ့လာ တွေ့ရှိခဲ့ပါသည်။

**ဇယား ၂-၅ ဆူညံသံတိုင်းတာရရှိခဲ့သည့် ရလဒ်**

| ဆူညံသံကြားရသူများ | ၁နာရီ ပျမ်းမျှဆူညံသံရလဒ် (dBA) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | အောင်နန်းချိုကျေးရွာတွင် တိုင်းတာခဲ့သည့်ရလဒ်များ | | စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့် စေတီတော်တွင် တိုင်းတာခဲ့သည့် ရလဒ်များ | | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ရရှိခဲ့သော ရလဒ် (အောင်နန်းချိုကျေးရွာ) | | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ရရှိခဲ့သော ရလဒ် (စီမံကိန်းဧရိယာ) | | နေ့အချိန် မနက် ၇:၀၀ မှ ည၁၀:၀၀ (အများပြည်သူ အလုပ်ပိတ်ရက်များ အတွက် မနက် ၁၀:၀၀ - ည ၁၀:၀၀) | ညအချိန် ည ၁၀:၀၀ မှ မနက် ၇:၀၀ (အများပြည်သူ အလုပ်ပိတ်ရက်များအတွက် ည ၁၀:၀၀ - မနက် ၁၀:၀၀) |
| | နေ့အချိန် | ညအချိန် | နေ့အချိန် | ညအချိန် | နေ့အချိန် | ညအချိန် | နေ့အချိန် | ညအချိန် | | |
| လူနေအိမ်၊ အဖွဲ့အစည်း၊ ပညာရေးဆိုင်ရာ | - | - | - | - | - | - | - | - | ၅၅ | ၄၅ |
| စက်မှု၊ စီးပွားဖြစ် လုပ်ငန်း | ၄၉.၇၃ | ၄၅.၇၇ | ၄၉.၂ | ၅၀.၂၆ | ၄၁ | ၂၉ | ၄၉ | ၃၇ | ၇၀ | ၇၀ |

## ၂.၃.၃. ဆူညံသံအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ

Max Myanmar Manufactruing ကုမ္ပဏီလီမိတက်တွင် တိုင်းတာရရှိခဲ့သောရလဒ်များအား နေ့အချိန်နှင့် ညအချိန် ခွဲခြား သတ်မှတ်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များဖြင့် နှိုင်းယှဉ်ရာတွင် လမ်းညွှန်ချက်အတွင်းရှိပါသည်။ ထို့ကြောင့် စီမံကိန်းဧရိယာအတွင်း ဆူညံမှု ကြောင့် ပပတ်ဝန်းကျင်ရှိ သက်ရှိများနှင့် စီမံကိန်းဧရိယာရှိ လုပ်သားများ၏ ကျန်းမာရေးအခြေအနေကို ထိခိုက်နိုင်ချေ မရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ စီမံကိန်းအတွင်း တိုင်းတာခဲ့သော နေ့အချိန်နှင့် ညအချိန် အသံဆူညံမှုနှုန်းပြဂရပ်ကို အောက်ပါ ပုံ ၂-၁၂၊ ပုံ ၂-၁၃၊ ပုံ ၂-၁၄ နှင့် ပုံ ၂-၁၅ တွင် ဖော်ပြထားပါသည်။




ပုံ ၂-၁၂ အောင်နန်းချိုကျေးရွာတွင် နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ်




ပုံ ၂-၁၃ အောင်နန်းချိုကျေးရွာတွင် ညအချိန်အသံဆူညံမှုနှုန်းပြဂရပ်




**ပုံ ၂-၁၄ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်တွင် နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ်**




**ပုံ ၂-၁၅ စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်တွင် ညအချိန်အသံဆူညံမှုနှုန်းပြဂရပ်**

## ၂.၃.၄. သုံးသပ်ချက်နှင့်အကြံပြုချက်

Max Myanmar Manufacturing ကုမ္ပဏီလီမိတက်တွင် တိုင်းတာရရှိခဲ့သောရလဒ်များအရ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတွင်းရှိသော်လည်း ထုတ်လုပ်ရေးလုပ်ငန်းများ ကြောင့် ဆူညံသံလွန်ကဲမှု မဖြစ်စေရန် စီမံကိန်းအတွင်း အောက်ပါ နည်းလမ်းများကို ဆောင်ရွက် ထားရှိပါသည်။

- စက်ယန္တရားများအား ပုံမှန်စစ်ဆေးပြင်ဆင်ထိန်းသိမ်းထားခြင်း။

- ညအချိန်အလုပ်လုပ်ခြင်းကို ရှောင်ကြဉ်ခြင်း။
- စီမံကိန်းလုပ်သားများအား PPE များထောက်ပံ့ပေးခြင်း။
- မော်တော်ယာဉ်များအား သတ်မှတ်အမြန်နှုန်းဖြင့်သာမောင်းနှင်စေခြင်းနှင့် သတ်မှတ်ဝန်ထက်ကျော်လွန်၍ သယ်ဆောင်မှုများမရှိစေရေး ဆောင်ရွက်ခြင်း။
- စက်ယန္တရား၊ မော်တော်ယာဉ်များအား ဆူညံသံနှင့် တုန်ခါမှုမရှိစေရေး စီမံဆောင်ရွက်ခြင်း။
- လုပ်ကွက်စီမံကိန်းဧရိယာ အနီးပတ်ဝန်းကျင်တွင် သစ်ပင်များ စိုက်ပျိုးသွားခြင်း။

ဤစီမံကိန်းအနေဖြင့် ဆူညံမှုကြောင့် ထိခိုက်မှုကိုလျော့ချနိုင်ရန် အနီးပတ်ဝန်းကျင်ရှိ ဒေသခံလူထုတို့အား မိုင်းဖောက်ခွဲထုတ်လုပ်ချိန်ကိုအသိပေးခြင်း၊ ကန့်သတ်ဧရိယာများထားရှိခြင်း၊ အပင်များပိုမိုစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရပါမည်။

## ၂.၄. တုန်ခါမှုအရည်အသွေး

ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြောင့်တုန်ခါမှုများ ဖြစ်ပေါ်နိုင်ပါသည်။ Max Myanmar Manufacturing ကုမ္ပဏီလီမိတက် ဘိလပ်မြေထုတ်လုပ်ရေး လုပ်ငန်းတွင် ထုတ်လုပ်ရေးလုပ်ငန်းစဉ်များကြောင့် တုန်ခါမှုများဖြစ်ပေါ်နိုင်သောကြောင့် တုန်ခါမှု အရည်အသွေး တိုင်းတာမှုများ ပြုလုပ်ခဲ့ပါသည်။

### ၂.၄.၁. တုန်ခါမှုအရည်အသွေးတိုင်းတာမှုနည်းစနစ်

တုန်ခါမှုတိုင်းတာခြင်းကို စီမံကိန်းဧရိယာအနီးရှိ အောင်နန်းချို ကျေးရွာ အတွင်း BENETECH Vibration Meter ကို အသုံးပြု၍ တိုင်းတာ ဆောင်ရွက်ခဲ့ပါသည်။ ဤအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအား ၂၀ ရက်၊ ဒီဇင်ဘာလ ၂၀၂၃ တွင် စီမံကိန်း ဧရိယာ အနီးရှိ ရွှေဘုန်းပွင့်စေတီတော်တွင်လည်းကောင်း၊ အောင်နန်းချိုကျေးရွာရှိ ခရစ်ယာန်ဘုရားရှိခိုး ကျောင်းအတွင်းတွင်လည်းကောင်း တိုင်းတာမှု ပြုလုပ်ခဲ့ပါသည်။ တုန်ခါမှု တိုင်းတာခဲ့သည့် တည်နေရာ ကို ဇယား ၂-၆နှင့် တိုင်းတာခဲ့သည့် နေရာပြမြေပုံ၊ တိုင်းတာမှု ပြုလုပ်ခဲ့ပုံများအား ပုံ ၂-၁၆၊ ပုံ ၂-၁၇ နှင့် ပုံ ၂-၁၈ တွင် ဖော်ပြထားပါသည်။

**ဇယား ၂-၆ တုန်ခါမှုအရည်အသွေးတိုင်းတာခဲ့သည့် နေရာ**

| စီမံကိန်းအမည် | တည်နေရာ | တိုင်းတာသည့်နေ့ရက် |
|---|---|---|
| အောင်နန်းချိုကျေးရွာ | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၈.၆၄ စက္ကန့်၊<br>အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၂၆.၄၆ စက္ကန့် | ဒီဇင်ဘာလ ၂၀ရက်၊၂၀၂၃ ခုနှစ်။ |
| စီမံကိန်းဧရိယာအနီးရှိ ရွှေဘုန်းပွင့်စေတီတော် | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၃၃.၉၂ စက္ကန့်၊<br>အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၁၂.၁၄ စက္ကန့် | ဒီဇင်ဘာလ ၂၂ ရက်၊၂၀၂၃ ခုနှစ်။ |




ပုံ ၂-၁၆ တုန်ခါမှုတိုင်းတာခဲ့သည့်နေရာပြမြေပုံ

| | |
|---|---|
| BENETECH Vibration Meter |  |

**ပုံ ၂-၁၇ တုန်ခါမှုတိုင်းတာသည့် ကိရိယာ**

| | |
|---|---|
|  |  |
| အောင်နန်းချိုကျေးရွာတွင် တုန်ခါမှုတိုင်းတာခြင်း | စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော်တွင် တုန်ခါမှုတိုင်းတာခြင်း |

**ပုံ ၂-၁၈ တုန်ခါမှုတိုင်းတာခြင်း**

## ၂.၄.၂. တုန်ခါမှုအရည်အသွေးတိုင်းတာမှုရလဒ်များ

စီမံကိန်းဧရိယာ အတွင်း တုန်ခါမှု တိုင်းတာခဲ့သော ရလဒ်များကို အတည်ပြု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် တိုင်းတာခဲ့သော အရည်အသွေး ရလဒ်များဖြင့် နှိုင်းယှဉ်ထားမှုများ ကို အောက်ပါဇယား ၂-၇ တွင် ဖော်ပြ ထားပါသည်။ တုန်ခါမှု တိုင်းတာခြင်းလုပ်ငန်းအား ဆောင်ရွက်ရာတွင် Max Myanmar Manufacturing Co., Ltd မှ မိုင်းခွဲသည့်အချိန်တွင် တုန်ခါမှုတိုင်းတာခြင်းအား ဆောင်ရွက်ခဲ့ပါသည်။ တုန်ခါမှုတိုင်းတာခြင်း ရလဒ်များအရ ၀.၀၁ mm/s ထက် မကျော်လွန်ကြောင်း လေ့လာ တွေ့ရှိခဲ့ပါသည်။

ဇယား ၂-၇    တုန်ခါမှုတိုင်းတာရရှိခဲ့သည့် ရလဒ်

| စီမံကိန်းဧရိယာ | အရှိန် (m/s²) | အလျင်(mm/s) | အရွေ့ (mm) | အတည်ပြု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ ရလဒ် |
|---|---|---|---|---|
| အောင်နန်းချိုကျေးရွာ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀ |
| စီမံကိန်းဧရိယာအနီးရှိရွှေဘုန်းပွင့်စေတီတော် | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀ |

## ၂.၄.၃. တုန်ခါမှုအရည်အသွေးတိုင်းတာမှုအပေါ်လေ့လာတွေ့ရှိမှုများ

Max Myanmar Manufacturing ကုမ္ပဏီလီမိတက်တွင် တိုင်းတာရရှိခဲ့သောရလဒ်များအရ အောင်နန်းချိုကျေးရွာနှင့် ရွှေဘုန်းပွင့်စေတီတော်တွင် တုန်ခါမှုများတိုင်းတာခြင်း ရလဒ်အရ တုန်ခါမှုနှုန်းမရှိသောကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်ချေမှာ နည်းပါးသည် ဟုကောက်ချက်ချနိုင်ပါသည်။

## ၂.၄.၄. သုံးသပ်ချက်နှင့်အကြံပြုချက်

Max Myanmar Manufacturing ကုမ္ပဏီလီမိတက်တွင် တိုင်းတာရရှိခဲ့သောရလဒ်များအရ တုန်ခါမှု မရှိသလောက် နည်းပါးသော်လည်း ထုတ်လုပ်မှုလုပ်ငန်းများကြောင့် တုန်ခါမှုလွန်ကဲခြင်း မဖြစ်စေရန် စီမံကိန်းအတွင်း အောက်ပါ နည်းလမ်းများကို ဆောင်ရွက်ထားရှိပါသည်။

- မော်တော်ယာဉ်များအား သတ်မှတ်အမြန်နှုန်းဖြင့်သာ မောင်းနှင်စေခြင်းနှင့် သတ်မှတ်ဝန်ထက်ကျော်လွန်၍ သယ်ဆောင်မှုများမရှိစေရေး ဆောင်ရွက်ခြင်း။
- မိုင်းခွဲမည့်အချိန်အား အနီးရှိကျေးရွာများအား သတိပေးအကြောင်းကြားခြင်း။
- စက်ယန္တရား၊ မော်တော်ယာဉ်များအား ဆူညံသံနှင့် တုန်ခါမှုမရှိစေရေး စီမံဆောင်ရွက်ခြင်း။

ဤစီမံကိန်းအနေဖြင့် တုန်ခါမှုကြောင့် ထိခိုက်မှုကိုလျော့ချနိုင်ရန် အနီးပတ်ဝန်းကျင်ရှိ ဒေသခံလူထုတို့အား မိုင်းဖောက်ခွဲထုတ်လုပ်ချိန်ကိုအသိပေးခြင်း၊ ကန့်သတ်ဧရိယာများထားရှိခြင်းတို့ ဆောင်ရွက်ထားရှိပါသည်။

## ၂.၅. ရေထုအရည်အသွေး

ရေထုအရည်အသွေးတိုင်းတာရခြင်း၏ ရည်ရွယ်ချက်မှာ ဘိလပ်မြေထုတ်လုပ်ရေး လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ရှိ ရေထုအရည်အသွေးအား သက်ရောက်မှုရှိမရှိ သိရှိစေနိုင်ရန်အတွက် တိုင်းတာရခြင်းဖြစ်ပါသည်။

### ၂.၅.၁. ရေအရည်အသွေးတိုင်းတာမှုနည်းစနစ်

စီမံကိန်းစက်ရုံအတွင်း ရေနမူနာကောက်ယူခြင်း လုပ်ငန်းစဉ်ကို ၂၀ ရက်၊ ဒီဇင်ဘာလ၊ ၂၀၂၃ ခုနှစ် တွင်ပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းလည်ပတ်သည့် နေရာအနီး ရေပူချောင်း အတွင်းမှ မြေပေါ်ရေ အရည်အသွေး အတွက်လည်းကောင်း၊ စီမံကိန်းစွန့်ပစ်မြေစာပုံ အနီးမှ စွန့်ပစ်ရေ အရည်အသွေး အတွက်ကို လည်းကောင်း ရေနမူနာ ကောက်ယူခဲ့ပါသည်။ ရေနမူနာ ကောက်ယူခဲ့သည့် ဇယား ၂-၈၊ တည်နေရာပြမြေပုံကို ပုံ ၂-၁၉ နှင့် ကောက်ယူနေသည့် ပုံများအား ပုံ ၂-၂၀ တွင် ဖော်ပြထားပါသည်။ ကောက်ယူ ရရှိလာသော ရေနမူနာများအား သတ်မှတ်စံချိန်စံနှုန်းများ ဖြင့် နှိုင်းယှဉ်နိုင်ရန် Alarm Myanmar Ecological Laboratory ဓာတ်ခွဲခန်းသို့ ပို့ဆောင်၍ ရေအရည်အသွေးကို စစ်ဆေးခဲ့ပါသည်။

**ဇယား ၂-၈ ရေနမူနာကောက်ယူခဲ့သည့်နေရာ**

| စဉ် | နာမည် | တည်နေရာ | တိုင်းတာသည့်နေရက် |
|---|---|---|---|
| ၁။ | ရေပူချောင်း အတွင်းရှိ မြေပေါ်ရေအရည် အသွေး | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၅.၆၃ စက္ကန့်။ | ဒီဇင်ဘာလ ၂၀ ရက်၊၂၀၂၃ ခုနှစ်။ |
| ၂။ | စွန့်ပစ်မြေစာပုံ အနီး စွန့်ပစ်ရေအရည် အသွေး | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၂၉.၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၁၉.၈၂ စက္ကန့်။ | ဒီဇင်ဘာလ ၂၀ ရက်၊၂၀၂၃ ခုနှစ်။ |




ပုံ ၂-၁၉ ရေနမူနာတိုင်းတာခဲ့သည့်နေရာ

|  |  |
|---|---|
| စွန့်ပစ်မြေစာပုံအနီး စွန့်ပစ်ရေအရည်အသွေးကောက်ယူမှု | ရေပူချောင်းအတွင်း<br>မြေပေါ်ရေအရည်အသွေးကောက်ယူမှု |

**ပုံ ၂-၂၀ ရေနမူနာကောက်ယူနေပုံများ**

## ၂.၅.၂. ရေအရည်အသွေးတိုင်းတာမှုရလဒ်များ

ဟက်ဇာဂွန်နယ်အန်ဂယ် ကုမ္ပဏီလီမိတက်မှ စောင့်ကြည့်လေ့လာရေး အဖွဲ့သည် ရေပူချောင်း အတွင်းရှိ မြေပေါ်ရေအရည်အသွေး နှင့် စွန့်ပစ်မြေစာပုံအနီး စွန့်ပစ်ရေအရည်အသွေး တို့ကို တိုင်းတာခဲ့ရာ pH, COD, BOD, TSS, Phosphate, Nitrate, Oil and Grease, Dissolved Oxygen, Ammonia, Arsenic, Cadmium, Chlorine (total), Copper, Cyanide(free), Cyanide(total), Iron, Lead, Mercury, Nickel, Phenols, Sulphide, Temperature Increase, , Total Phosphorus, TSS, Zinc စသည့် ပါဝင်မှုများကို တိုင်းတာခြင်းများ ပြုလုပ်ခဲ့ပါသည်။ တိုင်းတာရရှိသော မြေပေါ်ရေအရည်အသွေး ရလဒ်များအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များဖြင့် လည်းကောင်း၊ WHO စံချိန်စံညွှန်းများဖြင့်လည်းကောင်း၊ အတည်ပြု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် တိုင်းတာခဲ့သော အရည်အသွေးရလဒ်များဖြင့်လည်းကောင်း နှိုင်းယှဉ်ပြရာတွင် သတ်မှတ်စံနှုန်း အတွင်း ရှိကြောင်း တွေ့ရှိရပါသည်။ ထိုနှိုင်းယှဉ်ပြထားပုံ ကို အောက်ပါ ဇယား ၂-၉ တွင် ဖော်ပြထားပြီး စွန့်ပစ်ရေအရည်အသွေး တိုင်းတာမှုရလဒ် အား ဇယား ၂-၁၀ တွင် ဖော်ပြထားပါသည်။

ဇယား ၂-၉ မြေပေါ်ရေအရည်အသွေး တိုင်းတာမှုရလဒ်

| စဉ် | ပါဝင်မှုများ | တိုင်းတာခဲ့သည့် ရလဒ်များ (၂၀ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | အတည်ပြု EIA မှ ရလဒ် | ယူနစ် | WHO စံချိန်စံညွှန်း | NEQ(E)G လမ်းညွှန်ချက်များ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | pH | ၇.၉ | ၇.၉ | S. U | ၆.၅-၈.၅ | ၆-၉ | စံနှုန်းအတွင်း |
| ၂ | Turbidity | ၈ | ၁၂ | FAU | ≤ ၅ | - | စံနှုန်းအတွင်း |
| ၃ | TSS | ၃ | ၆ | mg/l | - | ၅၀ | စံနှုန်းအတွင်း |
| ၄ | Dissolved Oxygen | ၇.၂၆ | ၂.၁၇ | mg/l | - | - | - |
| ၅ | Biochemical Oxygen Demand (BOD) | ၁၂ | ၆ | mg/l | - | ၅၀ | စံနှုန်းအတွင်း |
| ၆ | Chemical Oxygen Demand (COD) | ၃၁ | ၃၂ | mg/l | - | ၂၅၀ | စံနှုန်းအတွင်း |
| ၇ | Nitrate | ၀.၈ | ၀.၃ | mg/l | ≤၁၀ | - | စံနှုန်းအတွင်း |
| ၈ | Phosphate | ၆.၆ | Nil | mg/l | - | - | - |
| ၉ | Oil and Grease | ၄ | ၁၃.၂၃ | mg/l | - | ၁၀ | စံနှုန်းအတွင်း |

NA- Not Applicable

ဇယား ၂-၁၀ စွန့်ပစ်ရေအရည်အသွေး တိုင်းတာမှုရလဒ်

| စဉ် | ပါဝင်မှုများ | တိုင်းတာခဲ့သည့် ရလဒ်များ (၂၀ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | ယူနစ် | WHO စံနှုန်း | NEQ(E)G လမ်းညွှန်ချက်များ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | pH | ၇.၁ | - | ၆.၀-၉.၀ | ၆.၀ - ၉.၀ | စံနှုန်းအတွင်း |
| ၂။ | Temperature | ၂၉.၇ | C | ±၃ | < ၃ | စံနှုန်းအတွင်း |
| ၃။ | TSS | ၁ | mg/L | ≤၅၀ | ၅၀ | စံနှုန်းအတွင်း |
| ၄။ | Ammonia | ၀.၂ | mg/L | ≤၁၀ | ၁၀ | စံနှုန်းအတွင်း |
| ၅။ | COD | ၂၁ | mg/L | ≤၂၅၀ | ၂၅၀ | စံနှုန်းအတွင်း |
| ၆။ | Total Chlorine | ၀.၀၂ | mg/L | - | ၀.၂ | စံနှုန်းအတွင်း |
| ၇။ | Free Cyanide | ၀.၀၁ | mg/L | ≤၀.၁ | ၀.၁ | စံနှုန်းအတွင်း |
| ၈။ | Phosphorous | ၁.၆ | mg/L | ≤၂ | - | စံနှုန်းအတွင်း |
| ၉။ | Arsenic | ၀.၀၀၅ | mg/L | ≤၀.၁ | ၀.၁ | စံနှုန်းအတွင်း |
| ၁၀။ | Cadmium | ND | mg/L | ≤၀.၀၁ | ၀.၁ | စံနှုန်းအတွင်း |
| ၁၁။ | Copper | ၀.၁ | mg/L | ≤၀.၅ | ၀.၅ | စံနှုန်းအတွင်း |
| ၁၂။ | Iron | ၀.၃၂ | mg/L | ≤၃.၅ | ၃.၅ | စံနှုန်းအတွင်း |
| ၁၃။ | Lead | ND | mg/L | ≤၀.၁ | ၀.၁ | စံနှုန်းအတွင်း |

| စဉ် | ပါဝင်မှုများ | တိုင်းတာခဲ့သည့် ရလဒ်များ (၂၀ ရက်၊ ဒီဇင်ဘာလ ၂၀၂၃) | ယူနစ် | WHO စံနှုန်း | NEQ(E)G လမ်းညွှန်ချက်များ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၄။ | Zinc | ၀.၀၂ | mg/L | ≤၂ | ၂ | စံနှုန်းအတွင်း |
| ၁၅။ | Nickel | ND | mg/L | ≤၀.၅ | ၀.၅ | စံနှုန်းအတွင်း |
| ၁၆။ | Sulfide | ၀.၀၄ | mg/L | ≤၁ | ၁ | စံနှုန်းအတွင်း |
| ၁၇။ | Phenol | ၀.၁ | mg/L | ≤၀.၅ | ၀.၅ | စံနှုန်းအတွင်း |
| ၁၈။ | Oil and Grease | ၄ | mg/L | ≤၁၀ | ၁၀ | စံနှုန်းအတွင်း |
| ၁၉။ | Mercury | ၀.၀၀၁ | mg/L | ≤၀.၀၁ | ၀.၀၁ | စံနှုန်းအတွင်း |

ND- Not Detected, LOD – Lower limit of detection

### ၂.၅.၃. ရေအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ

